# IFLA ရဲ့ကြယ်ငါးပွင့်အဆင့်ရှိတဲ့ စာကြည့်တိုက်မှူးတွေမှာရှိရမဲ့ လိုအပ်ချက်...

စာကြည့်တိုက်ပညာရှင်များအဖြစ် မပြတ် ရှင်သန် ဖွံ့ဖြိုးတိုးတက်နေဖို့ IFLA ရဲ့ အခြေခံသဘောတရား၊ အကောင်းဆုံး လက်တွေ့လုပ်ဆောင်မှု စည်းမျဉ်းစည်းကမ်းများ

## ကြယ်ငါးပွင့်အဆင့်ရှိတဲ့ စာကြည့်တိုက်ပညာရှင်တွေ ဆိုတာ

**တစ်ဦးတစ်ယောက်ချင်းစီတိုင်းမှာ စဉ်ဆက်မပြတ် ဆက်လက်သင်ယူသွားကြရန်တာဝန်ရှိတယ်-**

- တစ်ဦးတစ်ယောက်ချင်းစီတိုင်း ကအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်မှုအတွက်ရှေ့ဆက်သွားနေရမယ်
- ကိုယ့်အဖွဲ့အစည်းရဲ့အကောင်းဆုံး ဝန်ဆောင်မှုပေးချင်တဲ့ ရည်မှန်းချက်ကို လည်း ဖြည့်ဆည်းပေးရမယ်
- လုပ်ငန်းဖြစ်ထွန်းမှုအတွက် လည်း ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမယ်။

## ကြယ်ငါးပွင့်အဆင့်ရှိတဲ့ စာကြည့်တိုက်မှူးတွေ ဆိုတာ

**စာကြည့်တိုက်မှူးတွေက အဖွဲ့အစည်း ကတိကဝတ်များနှင့် ခေါင်းဆောင်မှုကို သရုပ်ပြကြရမယ်:**

- ထိရောက်တဲ့ အဖွဲ့အစည်း မူဝါဒတွေ လုပ်ထုံးလုပ်နည်းတွေ ဖြစ်ထွန်းလာစေရမယ်
- ဝန်ထမ်းတွေ လေ့လာမှုအတွက် ဘက်ဂျက်နဲ့အချိန်တွေ ခွဲဝေချထားပေးရမယ်
- ဝန်ထမ်းတွေအတွက် သင်ကြားရေး အခွင့်အလမ်းတွေကို အဆင့်မြင့်မြင့်စီစဉ်ထားရှိပေးရမယ်။

## ကြယ်ငါးပွင့်အဆင့်ရှိတဲ့ စာကြည့်တိုက်အသင်း တွေဆိုတာ

**ဝန်ထမ်းတွေဖွံ့ဖြိုးတိုးတက်မှု ၊ အရေးပါမှုကို ထောက်ခံအားပေးတဲ့ ပညာရှင်အဖွဲ့အစည်းဖြစ်နေစေရန်**

- အရည်အသွေးမြင့် CPD ကို ထောက်ပံ့ပေးဖို့ မူဝါဒများ၊ အရင်းအမြစ် ၊ မဟာဗျူဟာတွေကို ညှိနှိုင်းပေးရမယ်
- CPD အခွင့်အလမ်းတွေနဲ့ ပတ်သက်ပြီးလည်း သတင်းအချက်အလက်တွေ နဲ့အ ဆက်အသွယ်မပြတ်စေရဘူး
- LIS ပညာရှင‌တွေကို စဉ်ဆက်မပြတ်သင်ယူနိုင်ရန်အတွက် မက်လုံးပေးပြီး စွဲဆောင်မှု လည်း ပေးရမယ်

## ကြယ်ငါးပွင့်အဆင့်ရှိတဲ့ LIS ပညာရှင်တွေဆိုတာ

**LIS ပညာရှင‌တွေဟာ အလွန်အရေးကြီးတဲ့ အသက်မွေးဝမ်းကြောင်းပြုသူများ အဖြစ် မှတ်ယူနိုင်ကြရန် စိတ်ဓာတ်မြှင့်တင်ပေးရန်**

- ဘွဲ့လွန်ပညာရေးအဖြစ်နှင့် ဆက်လက်သင်ယူရန် အခွင့်အလမ်းများ ပံ့ပိုးပေးရမယ်
- CPD လိုအပ်ချက်များနှင့်အလေ့အကျင့်များကိုပရော်ဖက်ရှင်နယ်နှင့်အစိုးရအဖွဲ့အစည်းများအားအကြံဉာဏ်ပေးရမယ်
- ကျောင်းသားတွေနဲ့ ပညာရှင်တွေကို အလေ့အကျင့်ရရှိစေရန် သုတေသနတွေမှာ ပါဝင်စေရမယ်။

## ကြယ်ငါးပွင့်အဆင့်ရှိတဲ့ စာကြည့်တိုက်ပညာမျှဝေသင်တန်းပေးသူတွေဆိုတာ

**အရည်အသွေးမြင့် CPD လှုပ်ရှားမှုများကို ပိုမိုဖွံ့ဖြိုးစေပြီး မျှဝေပေးကြရာမှာ**

- နားလည်မှု၊ ကျွမ်းကျင်မှုအသစ်တွေ ဖွံ့ဖြိုးတိုးတက်စေရန်အခွင့်အလမ်းတွေ ပံ့ပိုးပေးမယ်။
- သင်ယူခြင်းသီအိုရီနှင့်သင်ကြားပို့ချမှုပုံစံ အခြေခံမူဝါဒ တွေ ကိုလိုက်နာကြမယ်။
- သင့်လျော်တဲ့ ပံ့ပိုးမှု၊ နည်းပညာတွေနဲ အရင်းအမြစ်တွေကို အသုံးပြုကြရမယ်။

cc BY NC

Gillian Hallam & Jana Varlejs, CPDWL

IFLA CPD Principles and Best Practices: tinyurl.com/ifla-cpdwl